# ရက်စွဲမှတ်တမ်း

## ၁၁.၆.၂၀၁၈

အဋ္ဌမပုံမှန်အစည်းအဝေး၊ ၁၃ ရက်မြောက်နေ့၊ မေးခွန်း - ၅ ကြယ်ပွင့်ပြ (၆)ခု၊ မေးခွန်း - ၆ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း အဆုံးအဖြတ်ရယူ၊ မေးခွန်း - ၁၀ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီ ဥပဒေကြမ်း အစီရင်ခံစာဖတ် (၁)ဦး။

## ၁၃.၆.၂၀၁၈

အဋ္ဌမပုံမှန်အစည်းအဝေး၊ ၁၄ ရက်မြောက် နေ့၊ မေးခွန်း - ၅ ကြယ်ပွင့်ပြ (၆)ခု၊ မေးခွန်း - ၆ သစ်တောဥပဒေကြမ်း အစီရင်ခံစာဖတ် (၁) ဦး၊ မေးခွန်း - ၁၁ စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ နည်းဥပဒေများ ဆွေးနွေး(၁) ဦး။

## ၁၅.၆.၂၀၁၈

အဋ္ဌမပုံမှန်အစည်းအဝေး၊ ၁၅ ရက်မြောက် နေ့၊ မေးခွန်း - ၅ ကြယ်ပွင့်ပြ (၆)ခု၊ မေးခွန်း - ၇ မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီ ဥပဒေကြမ်းဆွေးနွေး(၁) ဦး။

## ၁၈.၆.၂၀၁၈

အဋ္ဌမပုံမှန်အစည်းအဝေး၊ ၁၆ ရက်မြောက် နေ့၊ မေးခွန်း - ၅ ကြယ်ပွင့်ပြ (၃)ခု၊ မေးခွန်း - ၈ တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း ဆွေးနွေး(၈) ဦး။

## ၁၉.၆.၂၀၁၈

အဋ္ဌမပုံမှန်အစည်းအဝေး၊ ၁၇ ရက်မြောက် နေ့၊ မေးခွန်း - ၅ ကြယ်ပွင့်ပြ (၆)ခု၊ မေးခွန်း - ၆ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီ ဥပဒေကြမ်းအစီရင်ခံစာဖတ် (၁) ဦး။

## ၂၀.၆.၂၀၁၈

အဋ္ဌမပုံမှန်အစည်းအဝေး၊ ၁၈ ရက်မြောက် နေ့၊ မေးခွန်း - ၅ ကြယ်ပွင့်ပြ (၆)ခု၊ မေးခွန်း - ၆ စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ နည်းဥပဒေများ ဥပဒေကြမ်း အစီရင်ခံစာဖတ် (၁) ဦး၊ မေးခွန်း - ၈ အစီရင်ခံစာဆွေးနွေး (၄) ဦး။

(၇.၆.၂၀၁၈) ရက်နေ့မှ (၂၀.၆.၂၀၁၈) ရက်နေ့အထိ

- စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ နည်းဥပဒေများဆွေးနွေးခြင်း၊
- မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီဥပဒေကြမ်းဆွေးနွေးခြင်း၊
- တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းဆွေးနွေးခြင်း၊
- ကြယ်ပွင့်ပြမေးခွန်း ( ၃၃ ) ခု ဆွေးနွေးခြင်း၊
- အစီရင်ခံစာ ( ၄ ) ဦး ဆွေးနွေးခြင်း၊
- အမျိုးသားလွှတ်တော်သို့ ပြည်တွင်းပြည်ပဧည့်သည် (၃၁၃) ဦး လာရောက်လေ့လာခြင်း။



အမျိုးသားလွှတ်တော်



# Info Note Vol (4)

(၇.၆.၂၀၁၈ ) ရက်နေ့မှ (၂၀.၆.၂၀၁၈) ရက်နေ့အတွင်း အမျိုးသားလွှတ်တော်၏ လုပ်ရှားဆောင်ရွက်မှု သတင်းအနှစ်ချုပ် ဖြစ်ပါသည်။

| | |
|---|---|
| ပြည်သူ့အသံ | လွှတ်တော်အသံ |
| ပြည်သူ့ဆန္ဒ | လွှတ်တော်ဆန္ဒ |
| ပြည်သူတို့မျှော်လင့်ချက် | လွှတ်တော်ကဖော်ဆောင်ရွက် |

## ရခိုင်ပြည်နယ်အရေးကိစ္စအပါအဝင် အမျိုးသားလုံခြုံရေးနှင့် နိုင်ငံတကာဆက်ဆံရေး အခြေအနေများနှင့်စပ်လျဉ်းသည့် အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းတက်ရောက်

ရခိုင်ပြည်နယ်အရေးကိစ္စအပါအဝင် အမျိုးသားလုံခြုံရေးနှင့် နိုင်ငံတကာဆက်ဆံရေး အခြေအနေများနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို (၈.၆.၂၀၁၈)ရက်နေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ ကျင်းပသည်။ အစည်းအဝေးတွင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR)နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)နှင့် နားလည်မှုစာချွန်လွှာ ရေးထိုးခဲ့သည့်အခြေအနေများ၊ စုံစမ်းစစ်ဆေးရေးကော်မရှင် ဖွဲ့စည်းမှုအခြေအနေများ၊ ရှန်ဂရီလာ ဒိုင်ယာလော့ခ်နှင့် ဆက်စပ်ကိစ္စရပ်များ၊ ရခိုင်ပြည်နယ်နှင့် နယ်စပ်လုံခြုံရေးကိစ္စရပ်များ စသည်တို့ကို ဆွေးနွေးကြသည်။



အစည်းအဝေးသို့ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတများဖြစ်သည့် ဦးမြင့်ဆွေ၊ ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူတို့ တက်ရောက်ကြသည်။

အမျိုးသားလွှတ်တော်ရုံး၊ သုတေသန၊ ပြည်သူ့ဆက်ဆံရေးနှင့် နိုင်ငံတကာဆက်ဆံရေးဌာနကြီးမှ ထုတ်ဝေပါသည်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် Ms. Christine Schraner Burgener ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား (၁၅.၆.၂၀၁၈)ရက်နေ့ (၁၃:၃၀) နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံခဲ့သည်။



ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ ဒီမိုကရေစီဖော်ဆောင်ရေးတွင် လွှတ်တော်၏ပါဝင်မှု အခန်းကဏ္ဍ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ ရခိုင်ပြည်နယ်အရေးကိစ္စများနှင့် စပ်လျဉ်း၍ ရင်းနှီးခင်မင်စွာ ဆွေးနွေးခဲ့ကြသည်။ အဆိုပါတွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

## ကော်မတီများ၏ လှုပ်ရှားမှုများ

- အမျိုးသားလွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် ပြည်ထောင်စု အဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (၇.၆.၂၀၁၈)ရက်နေ့ (၁၀:၀၀)နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်၊ ကော်မတီရေးရာဆောင်အမှတ်(I-20) အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌနှင့်အတူ အတွင်းရေးမှူး၊ ကော်မတီဝင်များ၊ သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။
- အမျိုးသားလွှတ်တော်၊ တောင်သူလယ်သမားရေးရာကော်မတီသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီနှင့်အတူ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် တွေ့ဆုံ၍ မြန်မာ့ဆန်စပါးဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲကို (၇.၆.၂၀၁၈)ရက်နေ့ (၁၃:၀၀) နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ရေးရာဆောင် အမှတ် (I-15 ) အပေါ်ထပ် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။ ဆွေးနွေးပွဲတွင် မြန်မာ့ဆန်စပါးဥပဒေ (မူကြမ်း)နှင့် စပ်လျဉ်း၍ ကော်မတီ(၂)ရပ်မှ ပုဂ္ဂိုလ်များနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိ သူများ အပြန်အလှန်ဆွေးနွေးခဲ့ကြပါသည်။



- အမျိုးသားလွှတ်တော်၊ ပညာရေးမြှင့်တင်မှုကော်မတီနှင့် ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် တိုင်းရင်းသားဘာသာစကားဦးစီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် "ပညာရေးဆိုင်ရာဥပဒေများ၊ တိုင်းရင်းသားဘာသာစကားဆိုင်ရာ ကိစ္စရပ်များ" နှင့် စပ်လျဉ်း၍ (၇.၆.၂၀၁၈)ရက်နေ့၊ (၁၃:၂၀)နာရီမှ (၁၅:၃၀) နာရီအချိန်ထိ ရေးရာဆောင်အမှတ် (I-14)အစည်းအဝေးခန်းမ၌ အစည်းအဝေးကျင်းပပြုလုပ်ခဲ့ကြပါသည်။
- အမျိုးသားလွှတ်တော်၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီ၊ ပညာရေးမြှင့်တင်မှုကော်မတီတို့မှ ဥက္ကဋ္ဌများအား Westminister Foundation for Democracy (WFD) တို့က (၈.၆.၂၀၁၈) ရက် (၀၈:၀၀) နာရီတွင် အမျိုးသားလွှတ်တော်၊ ရေးရာဆောင်အမှတ်(I-20) ဧည့်ခန်းမ၌ လာရောက် တွေ့ဆုံသည်။ ယင်းသို့တွေ့ဆုံရာတွင် Gender (ကျား/မရေးရာ) အကြီးတန်းအကြံပေးပညာရှင် Ms. Shannon O'Connell မှ " လွှတ်တော်ရှိ ကော်မတီများနှင့် Gender (ကျား၊ မ ရေးရာ)နှင့် ဥပဒေပြုရေး ဆိုင်ရာကိစ္စများ" နှင့်ပတ်သက်၍ သိလိုသည်များကို တွေ့ဆုံဆွေးနွေး ပြောကြားခဲ့ပါသည်။
- အမျိုးသားလွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (၁၃.၆.၂၀၁၈) ရက်နေ့ (၁၂:၃၀)နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်၊ ရေးရာဆောင်အမှတ် (I-18) အပေါ်ထပ် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြပါသည်။
- အမျိုးသားလွှတ်တော်၊ ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာကော်မတီအား ကာကွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ နေပြည်တော်ကောင်စီ၊ ပြည်ထောင်စု လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီတို့မှ တာဝန်ရှိပုဂ္ဂိုလ်များက (၁၄.၆.၂၀၁၈) ရက်နေ့ (၁၄:၀၀)နာရီတွင် နေပြည်တော်ရှိ၊ အမျိုးသားလွှတ်တော်၊ ရေးရာဆောင်အမှတ် (I-17) အစည်းအဝေးခန်းမ၌ လာရောက် ရှင်းလင်းဆွေးနွေးပါသည်။ ယင်းသို့ တွေ့ဆုံရာတွင် ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များက တံတားကြီးများ ဥပဒေကြမ်းနှင့် ပတ်သက်သည့် လုပ်ငန်းစဉ်များအား ရှင်းလင်းဆွေးနွေးခဲ့ကြပါသည်။
- အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို (၁၈.၆.၂၀၁၈)ရက်နေ့ (၁၂:၀၀)နာရီတွင် အမျိုးသားလွှတ်တော် ရေးရာဆောင် အမှတ်I-20 (အပေါ်ထပ်)အစည်းအဝေးခန်းမ၌ ကျင်းပြုလုပ်ခဲ့ကြပါသည်။
- အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် (၁၈.၆.၂၀၁၈)ရက်နေ့ မွန်းလွဲ(၁၃:၀၀)နာရီတွင် ရေးရာဆောင်အမှတ် (I-14) အစည်းအဝေးခန်းမ၌ စိမ်းလန်းအမိမြေ ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ တာဝန်ရှိသူများသည် ဆီအုန်းနောက်ကွယ် အစီရင်ခံစာနှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အကျိုးဆက်များအား အကောင်းဆုံး ရင်ဆိုင်ဖြေရှင်းရန်အတွက် မြေယာဘဏ် ထားရှိရေးဆိုင်ရာ၊ သုတေသန ကနဦးတွေ့ရှိချက်များနှင့်စပ်လျဉ်း၍ တွေ့ဆုံရှင်းလင်း တင်ပြခြင်း အခမ်းအနားကို ကျင်းပခဲ့ရာ ကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပြီး စိမ်းလန်းအမိမြေ ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ တက်ရောက်လာကြသော ကော်မတီ အဖွဲ့ဝင်များက ပြန်လည်ဆွေးနွေးကြပြီး ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြား၍ တွေ့ဆုံပွဲအခမ်းအနားကို (၁၆:၀၀)နာရီအချိန်တွင် ရုပ်သိမ်းခဲ့ကြပါသည်။
- အမျိုးသားလွှတ်တော်၊ အမျိုးသမီးနှင့်ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌ ဒေါက်တာမြသောင်းနှင့် ကော်မတီဝင်များ အား UNAIDS Myanmar အဖွဲ့မှ (၁၉.၆.၂၀၁၈)ရက်နေ့ မွန်းလွဲ(၁၄:၀၀)နာရီအချိန်တွင် အမျိုးသားလွှတ်တော် ရေးရာဆောင်အမှတ် (I-18) ကော်မတီ အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံခဲ့ကြပါသည်။